## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးနည်းဥပဒေများအား ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများအရ ရပ်/ကျေးအုပ်ချုပ်ရေးမှူး ရွေးချယ်မှုလုပ်ငန်းစဉ်များ၏ အားသာချက်များ

| | |
|---|---|
| ပိုမိုပွင့်လင်းမြင်သာမှုရှိလာခြင်း (Transparency) | • ရွေးချယ်မှုများအတွက် တစ်ပတ်ကြိုတင်ဖိတ်ကြားမှု၊ မှတ်တမ်းထားရှိမှု<br>• ဆယ်အိမ်စု/ရာအိမ်စုဖွဲ့စည်းမှုကို တစ်ပတ်အတွင်း အများသိအောင် ကြေညာမှု၊ မှတ်တမ်းထားရှိမှု<br>• အဆင့်တိုင်းအတွက် မဲရလဒ်ကို အများရှေ့မှောက်တွင် ရေတွက်ကြေညာမှု |
| ရွေးချယ်မှုပုံစံများ ပိုမိုစနစ်တကျဆောင်ရွက်လာနိုင်ခြင်း (Systematic) | • လုပ်ငန်းစဉ် စ/ဆုံး အိမ်ထောင်စုကိုယ်စားလှယ် တစ်ဦးတည်း အမည်စာရင်းပေးသွင်းစေခြင်း<br>• ပျက်ကွက်ပါက ကန့်ကွက်ပိုင်ခွင့်မရှိကြောင်း ကြိုတင်အသိပေးခြင်းဖြင့် အငြင်းပွားမှုကို လျှော့ချနိုင်ခြင်း<br>• လက်ရှိတာဝန်ထမ်းဆောင်ဆဲ ရပ်/ကျေးအုပ်ချုပ်ရေးမှူးအတွက် ကြီးကြပ်ရေးအဖွဲ့ ရွေးချယ်မှုကို ကူညီစေခြင်း<br>• ဆယ်အိမ်စု/ရာအိမ်စုများကို ဝဲမှယာ တစ်ဆက်တည်း အစဉ်လိုက်ဖွဲ့စည်းမှု |
| တာဝန်ယူမှု၊ တာဝန်ခံမှု ပိုမိုမြင့်မားလာခြင်း (Accountability) | • ကြီးကြပ်ရေးအဖွဲ့၏ သက်တမ်းနှင့် လုပ်ငန်းတာဝန် သတ်မှတ်ထားခြင်း (ရပ်/ကျေးအုပ်ချုပ်ရေးမှူး ခန့်အပ်သည့်နေ့ထိ)<br>• ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာတာဝန်ခံနှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူး လစ်လပ်ပါက ကြီးကြပ်ရေးအဖွဲ့ အသစ်ဖွဲ့စည်းဆောင်ရွက်စေခြင်း<br>• ကြီးကြပ်ရေးအဖွဲ့ဝင်များက လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုမရှိခြင်း၊ ညှိနှိုင်းဆောင်ရွက်၍မရခြင်း စိစစ်တွေ့ရှိလျှင် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း/ အစားထိုး ပြန်လည်ရွေးချယ်ခြင်း/ ပြန်လည်ဖွဲ့စည်းခြင်း<br>• ရပ်/ကျေးအုပ်ချုပ်ရေးမှူးမှ တာဝန်မှ နုတ်ထွက်ခွင့်ပြုရန် တင်ပြခြင်း၊ ကျင့်ဝတ်ဖောက်ဖျက်ခြင်း၊ တည်ဆဲဥပဒေအရ အရေးယူခံရခြင်း၊ အခြားအရပ်ဒေသသို့ အမြဲတမ်းပြောင်းရွှေ့ခြင်း၊ ကွယ်လွန်ခြင်းနှင့် အရည်အချင်းပျက်ယွင်းခြင်း ဖြစ်ပါက မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွဲ့ဖြင့် စုံစမ်းစစ်ဆေးပြီး ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအား နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီ ရပ်ဆိုင်းခြင်း၊ ရပ်စဲခြင်း |

| | |
|---|---|
| ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အလေးထားလာခြင်း (Public Participation) | • ရွေးချယ်ပွဲမတိုင်မီ တစ်ပတ်ကြိုတင်၍ ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားခြင်း<br>• ကြီးကြပ်ရေးအဖွဲ့များကို အိမ်ထောင်စု ကိုယ်စားလှယ်များမှ ရွေးချယ်ခြင်း (ယခင်က မြို့နယ်အုပ်ချုပ်ရေးမှူးမှ ခန့်ထားခြင်း)<br>• ဆယ်အိမ်စုမှူးများမှ တစ်ဦးကို ရာအိမ်မှူးအဖြစ် အိမ်ထောင်စု ကိုယ်စားလှယ်များက ဆန္ဒမဲပေး ရွေးချယ်ခြင်း (ယခင်က ဆယ်အိမ်မှူးများမှ အချင်းချင်းရွေးချယ်ခြင်း) |
| ရှင်းလင်းပြတ်သားသည့် နည်းဥပဒေကြောင့် အုပ်ချုပ်မှု လုပ်ငန်းစဉ်များ ပိုမိုတိကျစွာ ဆောင်ရွက် လာနိုင်ခြင်း (Clear Administrative Procedures) | • ကြိုတင်ဖိတ်ကြားသော်လည်း ရာနှုန်းပြည့် တက်ရောက်ခြင်း မရှိပါက တက်ရောက်သည့် အိမ်ထောင်စုကိုယ်စားလှယ်များဖြင့်သာ ရွေးချယ်စေခြင်း<br>• ပျက်ကွက်လျှင် ကန့်ကွက်ပိုင်ခွင့်မရှိကြောင်း ကြိုတင်အသိပေးခြင်း<br>• ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာတာဝန်ခံ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူး အမည်စာရင်းအား ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးမှ စိစစ်ပြီး မကိုက်ညီပါက ပြန်လည် ရွေးချယ်စေခြင်း |
| ပြည်သူ့ဆန္ဒဖြင့် ပြည်သူက ရွေးချယ်သည့် အုပ်ချုပ်ရေးမှူးများ ဖြစ်ပေါ်လာခြင်း (People’s Choice) | • ကြီးကြပ်ရေးအဖွဲ့မှစ၍ အဆင့်တိုင်းတွင် အိမ်ထောင်စု ကိုယ်စားလှယ်များက ရွေးချယ်ခြင်း |